ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

ပဉ္စမနေ့ အစီအစဉ်

[ ၂၀–၁၁–၂၀၁၅ ] (သောကြာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ ပြည်ထောင်စုဝန်ကြီးဌာန၏ ရခိုင်ပြည်နယ် အတွင်း အကောင်အထည်ဖော် ဆောက်လုပ်မည့် မုန်တိုင်းဒဏ်ခံ အဆောက်အဦမည်မျှဆောက်လုပ်ပေးခဲ့သနည်း၊ နိုင်ငံခြားအကူအညီ အထောက်အပံ့ကို မရရှိပါက ဝန်ကြီးဌာနအနေဖြင့် မည်သို့ စီမံ ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်း တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ ရသေ့တောင်မြို့နယ် (ရေမျက်) အခြေခံပညာမူလတန်း (လွန်) ကျောင်းအား ၂၀၁၅–၂၀၁၆ ခု ပညာသင်နှစ်တွင် အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ)အဆင့် တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးခင်မောင်ညို၊ ပေါက် မဲဆန္ဒနယ်၏ ပေါက်မြို့နယ်အတွင်းရှိ အမှန်တကယ်လိုအပ်၍ ကျောင်းဆောင်သစ်များအဖြစ် ဆောက်လုပ်ဆောင်ရွက်ပေးရန် လိုအပ်သည့် ကျောင်း(၅)ကျောင်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းဆောင်ရွက် ပေးရန် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်နန်းနွံ၊ ရှားတော မဲဆန္ဒနယ်၏ ဖွံ့ဖြိုးမှုနောက်ကျသော ဝေးလံခက်ခဲဒေသများ၏ ပညာရေး(အရည်အသွေး) နိမ့်ကျနေမှုကို ဖွံ့ဖြိုးပြီး ဒေသများနှင့် ကွာဟချက်နည်းပါးစေရေး မည်သို့မြှင့်တင်ဆောင်ရွက်ပေးမည်ကို သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးခင်မောင်ရွှေ၊ တမူး မဲဆန္ဒနယ်၏ တမူးခရိုင်ရှိ ရေကြီးမှုကြောင့် ပျက်စီးသွားသော စာရေးခုံများအနက် အလျော်မှုလွန်အတွက် (၁၀)စုံ၊ ပွတ်သာ အလကခွဲအတွက် (၂၀)စုံ၊ ခမိတ်အလကခွဲအတွက် (၂၀)စုံ၊ မင်းသမီးအလကခွဲအတွက် (၃၀)စုံတို့ကို မည်သို့စီမံဆောင်ရွက်ပေးမည်နှင့် တမူးမြို့မ ၁၂/ခ ရပ်ကွက်မှ ကလေးများအဆင်ပြေစေရန် တွဲဖက် အမက ဖွင့်လှစ်ပြီး ပညာရေးဌာနမှ အလှည့်ကျ သင်ကြားပေးနေကြသဖြင့် အဆိုပါ တွဲဖက် အမကအား အမကခွဲအဖြစ် အဆင့်တိုးမြှင့်ပေးရန် နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသည့် "မြန်မာနိုင်ငံ မီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ အစည်းအဝေး ဒုတိယနေ့တွင် တင်ပြခဲ့သော ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း –

(က) ဒေါ်နန်းဝါနု၊ ကွန့်ဟိန်း မဲဆန္ဒနယ်၊

(ခ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၊

(ဂ) ဦးခိုင်မောင်ရည်၊ အလုံ မဲဆန္ဒနယ်၊

(ဃ) ဦးခမိုင်မုန်ကွမ်၊ ဆွမ်ပရာဘွမ် မဲဆန္ဒနယ်၊

(င) ဦးဝင်းသန်း၊ သာပေါင်း မဲဆန္ဒနယ်၊

၈။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်း နှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၉။ အစည်းအဝေး ဒုတိယနေ့တွင် တင်ပြခဲ့သော ပြည်သူ့လွှတ်တော် တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း –

(က) ဦးမြင့်စိုး၊ ပျော်ဘွယ် မဲဆန္ဒနယ်၊

(ခ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၊

(ဂ) ဦးခိုင်မောင်ရည်၊ အလုံ မဲဆန္ဒနယ်၊

၁၀။ ပြည်သူ့လွှတ်တော် တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၁၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။